# Integrated Care Coordination

# ပေါင်းစည်းစီမံသည့်နည်းဖြင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း

Burmese Version

**Integrated Care Coordination (ICC) ပေါင်းစည်းစီမံသည့်နည်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း အစီအစဉ်ဆိုသည်မှာ နာတာရှည်ရောဂါရှိသူများနှင့် ၎င်းနှင့်ဆက်စပ်ပြီး ရှုပ်ထွေးသည့် ကျန်းမာရေးစောင့်ရှောက်မှုကို လိုအပ်သူများအတွက် ဖြစ်ပါသည်။**

သင်၏ ကျန်းမာရေးစောင့်ရှောက်မှု ရည်ရွယ်ချက်ကို ဆန်းစစ်ကာ အောက်ပါ အရာများ ဆောင်ရွက်ရန်အတွက် ပံ့ပိုးပေးမည် ဖြစ်ပြီး ထိုအထဲတွင် -

- သင်ကိုယ်တိုင်အပြင်၊ သင့်အားစောင့်ရှောက်မှုပေးသူ၊ ကူညီပံ့ပိုးရေး ဝန်ဆောင်မှု ပေးသူများသာမက သင်၏ ဂျီပီဆရာဝန်နှင့် အတူတူ ပူးပေါင်း လုပ်ကိုင်ခြင်း
- ကျန်းမာရေးစောင့်ရှောက်မှု စနစ်ကို စူးစမ်းလေ့လာရာတွင် သင့်အား ကူညီပံ့ပိုးခြင်း
- မှန်ကန်သင့်တော်သော ဝန်ဆောင်မှုကို ရရှိရန်အတွက် သင့်ဒေသအတွင်းမှ ဝန်ဆောင်မှုပေးသူများနှင့် ဆွေးနွေးတိုင်ပင်မှုလုပ်ခြင်း
- ဆီးချိုကဲ့သို့ နာတာရှည် ရောဂါခံစားရပါက သင့်အနေအထားကို ကောင်းမွန်စွာ နားလည်ရန်အတွက် ပံ့ပိုးကူညီပေးခြင်းတို့ ပါဝင်ပါသည်။

## မည်ကဲ့သို့ ရယူနိုင်သနည်း

ICC အစီအစဉ်၏ ပံ့ပိုးမှု ရယူရန်အတွက် သင့်တွင် နာတာရှည် ရောဂါရှိကြောင်း ကျွမ်းကျင်သူက ရောဂါအမည် ဖော်ရမည်ဖြစ်ပြီး သင့်အနေဖြင့် ထိုကျန်းမာရေး အနေအထားကြောင့် စီမံလုပ်ဆောင်ရန် အကူအညီ လိုအပ်သူ ဖြစ်ရပါမည်။

သင်လုပ်ဆောင်ရမည့် အထဲတွင် -

- သင့်အား ဝန်ဆောင်မှုပေးသူ သို့မဟုတ် ဂျီပီဆရာဝန်အား လွှဲပြောင်းခြင်းဆိုင်ရာ ဖောင် (referral form) ကို ဖြည့်စွက်ခိုင်းရပါမည်။ သို့မဟုတ်
- ကျွန်ုပ်တို့အား ဆက်သွယ်ပြီး မိမိကိုယ်တိုင်/ စောင့်ရှောက်သူ ၏ လွှဲပြောင်းခြင်းဆိုင်ရာ ဖောင် (self/carer referral) ဖြည့်စွက်ရပါမည်။

## ဘာဖြစ်လာမည်နည်း။

ပြုစုစောင့်ရှောက်ရေးဆိုင်ရာ စီစဉ်ညှိနှိုင်း ဆောင်ရွက်သူ တစ်ဦးက သင့်အား အဆက်အသွယ်ပြုကာ သင့်ဂျီပီ ဆရာဝန်၏ ဆေးခန်း သို့မဟုတ် သင်၏ နေအိမ်တွင် တွေ့ဆုံနိုင်ရန် ရက်ချိန်းရယူပါမည်။

ဤအစီအစဉ်သည် ရေရှည် ပြုစုစောင့်ရှောက်မှု ပြုရန်အတွက် ပံ့ပိုးမှု ရရှိခြင်း မရှိပါ။

## နောက်ထပ် အချက်အလက်များ

၁၃၀၀ ၄၀၂ ၅၈၅

marathonhealth.com.au

ic.intake@marathonhealth.com.au

ဘာသာပြန် ဝန်ဆောင်မှု များကို အခမဲ့ ရရှိနိုင်ပါသည်



**Marathon Health မာရသွန် ကျန်းမာရေး ဌာန အနေဖြင့် ကျွန်ုပ်တို့ ရပ်တည်နေသည့် ဤမြေကြီးအား ရိုးရာအရ ပိုင်ဆိုင်သည့် ပုဂ္ဂိုလ်များကို လေးစားမှု ပြုပါသည်။ ဤ တံဆိပ်တုံးသည် အားလုံးအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ရရှိရန် လူမှုအသိုင်းအဝိုင်းများနှင့် အတူတကွ ပူးပေါင်းလုပ်ကိုင်ရန် ကတိပြုသည့် အမှတ်အသား ဖြစ်ပါသည်။**

**Marathon Health** သည် မှတ်ပုံတင်ထားသည့် အကျိုးအမြတ် မယူသော အဖွဲ့အစည်း ဖြစ်ကာ နေရာပေါင်းစုံတွင် နေထိုင်သည့် လူများအတွက် အရည်အသွေးမြင့်ကျန်းမာရေး နှင့် ပျော်ရွှင်ကောင်းမွန်စွာ နေထိုင်နိုင်ရန်အတွက် ဝန်ဆောင်မှုများပေးသည့် ပရဟိတ အဖွဲ့အစည်း ဖြစ်ပါသည်။ **ACN 154 318 975** ဤ ဝန်ဆောင်မှုကို ဩစတြေးလျ အစိုးရ၏ PHN အစီအစဉ်မှတဆင့် Murrumbidgee Primary Health Network မှ ပံ့ပိုးထားပါသည်။

ပံ့ပိုးသူများ

phn MURRUMBIDGEE An Australian Government Initiative

firstHealth LIMITED

marathon health Better healthcare, closer to home